The Asia Foundation
Improving Lives, Expanding Opportunities

DaNa Facility
Empowering Enterprise

UKaid

# မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း စီမံချက် စီးပွားရေး လုပ်ငန်းများအပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ သက်ရောက်မှုကိုလေ့လာဆန်းစစ်ခြင်း

*၂၀၂၀ ခုနှစ်၊ ဇွန်လ ၅ရက်*

အဓိကတွေ့ရှိချက်များ

- စစ်တမ်းကောက်ယူခဲ့သော စီးပွားရေးလုပ်ငန်း ၇၅၀ အနက် ၂၉ ရာခိုင်နှုန်းသည် စစ်တမ်းကောက်ယူသည့် အချိန်တွင် လုံးဝပိတ်ထားခဲ့သည်။
- လုပ်ငန်းလည်ပတ်မှု လျှော့ချခြင်း (သို့မဟုတ်) ပိတ်ခြင်း၏ အဓိက အကြောင်းအရင်းနှစ်ခုမှာ COVID-19 ကြောင့် ဝန်ထမ်းများ၏ လုံခြုံရေးနှင့် ဖောက်သည်များ မရှိခြင်းတို့ဖြစ်သည်။
- စီးပွားရေးလုပ်ငန်းများ၏ ၉၂ ရာနှုန်းသည် COVID-19 ကြောင့် ရောင်းအားကျဆင်းကြောင်း အစီရင်ခံခဲ့ပြီး ၇၄ ရာခိုင်နှုန်းသည် ပုံမှန်ရောင်းအား၏ ထက်ဝက်ကျော်ခန့် သိသိသာသာကျဆင်းနေသည်။
- စီးပွားရေးလုပ်ငန်းများ၏ အမြတ်အစွန်းမှာ ကျဆင်းခဲ့ပြီး ၂၂ ရာခိုင်နှုန်းသာ အမြတ်အစွန်းဖြစ်ခဲ့သည်။ ၂၀၁၉ နိုဝင်ဘာလ နှင့် ၂၀၂၀ ဖေဖော်ဝါရီလ အတွင်းတွင် ပြုလုပ်ခဲ့သော MBEI ၂၀၂၀ စစ်တမ်းတွင်မူ အမြတ်အစွန်း ၅၂ ရာခိုင်နှုန်း ရှိခဲ့သည်။
- စီးပွားရေးလုပ်ငန်းများ၏ ထက်ဝက်သည် ၎င်းတို့၏ စီးပွားရေး မရှင်သန်နိုင်ရန် အတန်အသင့် (သို့မဟုတ်) လွန်စွာ အန္တရာယ် ရှိနေသည်ဟု အစီရင်ခံပါသည်။ အထူးသဖြင့် အဝတ်အထည်နှင့် အထည်အလိပ်နှင့် ဟိုတယ်(သို့)တည်းခိုခန်း လုပ်ငန်းများသည် ဆုံးရှုံးမည့် အန္တရာယ် အလွန်မြင့်မား နေပါသည်။
- ခရီးသွားလာမှု ကန့်သတ်ချက်များသည် ဟိုတယ်(သို့)တည်းခိုခန်း ၊ အစားအစာနှင့် အဖျော်ယမကာနှင့် ထုတ်လုပ်မှု လုပ်ငန်းများအပေါ် ကြီးမားစွာ သက်ရောက်မှုရှိသည်။
- စီးပွားရေးလုပ်ငန်းများ၏ စက်တင်ဘာလအထိ နောက်ထပ် ငွေလည်ပတ်စီးဆင်းမှု လိုအပ်ချက်များအတွက် နိုင်ငံတော်အဆင့် ခန့်မှန်းချက်မှာ ကျပ် ၉၀၀ မှ ၂,၁၀၀ ဘီလီယံ (စုစုပေါင်း ဂျီဒီပီ၏ ဝ.၇ ရာခိုင်နှုန်းမှ ၁.၇ ရာခိုင်နှုန်း) အထိရှိသည်။
- တယ်လီဖုန်း၊ လျှပ်စစ်မီးနှင့်ရေအတွက် အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ဆောင်မှုများ ယိုယွင်းပျက်စီးခြင်းမရှိပါ။
- COVID-19 ကြောင့် စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ဝန်ထမ်း ပျမ်းမျှ ၁၆% ကို အလုပ်မှ ထုတ်ပယ်ခဲ့သည်။
- COVID-19 အကျပ်အတည်း၏ အစောပိုင်း အခြေအနေ အတောအတွင်း စီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့ရာတွင် အသေးစားချေးငွေ လုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍအဖြစ် ပါဝင်ခဲ့သည်။

နောက်ဆုံး အခြေအနေအရ ချေးငွေများ၏ ရှယ်ယာသည် မြန်မာ့စီးပွားရေးဝန်ကျင်ညွှန်းကိန်း ၂၀၂၀ (MBEI ၂၀၂၀) တွင် ၂၅ ရာခိုင်နှုန်းသာ ရှိရာမှ COVID-19 စစ်တမ်းတွင် ၅၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။

- အသေးစားငွေချေးလုပ်ငန်း အဖွဲ့အစည်းများမှ ချေးငွေများ တိုးလာခြင်းကြောင့် အတိုးနှုန်းများ မြင့်လာခြင်းသည် အစိုးရနှင့် ပုဂ္ဂလိကဘဏ်များမှ ပြောင်းလွယ်ပြင်လွယ်သော ချေးငွေထုတ်ယူမှုနှင့် COVID-19 ဆက်နွယ် ချေးငွေများ၏ အရေးပါမှုကို ပိုမို မြင့်တင် ပေးပါသည်။
- စီးပွားရေးလုပ်ငန်း ၇၁ ရာခိုင်နှုန်းသည် ချေးငွေပြန်ဆပ်ခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိသည်၊ သို့သော် ပြန်ဆပ်ရန် အစီအစဉ်ချမှတ်ခြင်းနှင့် ပတ်သတ်၍ ငွေချေးငှားသူနှင့် ဆွေးနွေးမှု ၈၂ ရာခိုင်နှုန်းသည် သဘောတူညီမှု ရခဲ့သည်။
- စီးပွားရေးလုပ်ငန်းအများစုသည် အစိုးရ၏ COVID-19 ဆိုင်ရာ စီးပွားရေး ပံ့ပိုးမှုအစီအစဉ်များကို သတိမပြုမိခြင်းကြောင့် အသိပညာပေးရေးတွင် ပိုမို အားထုတ်ရန် လိုအပ်နေကြောင်း ဖော်ပြနေပါသည်။
- စီးပွားရေးလုပ်ငန်းများ၏ ၉၂ ရာခိုင်နှုန်းက ပြည်ထောင်စုအစိုးရ၏ လုပ်ဆောင်မှုများအပေါ် ကျေနပ်အားရမှုရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ကိုလည်း ကျေနပ်အားရမှုရှိသည်။
- ကမ္ဘာကပ်ရောဂါသည် နိုင်ငံတဝန်းတွင် ရာဇဝတ်မှုအပေါ် သိသာထင်ရှားသော သက်ရောက်မှုမရှိခဲ့ပါ။
- စီးပွားရေးလုပ်ငန်းအားလုံးနီးပါးက သူတို့၏ ဝန်ထမ်းများနှင့် ဖောက်သည်များကို COVID-19 မှ ကာကွယ်ရန် အစီအမံ အချို့ကိုကျင့်သုံးခဲ့သည်ဟု ဖြေဆိုပါသည်။

## ၁။ မိတ်ဆက်

COVID-19 ကမ္ဘာ့ရောဂါသည် တစ်ကမ္ဘာလုံးကို အကျပ်အတည်းထဲသို့ တွန်းပို့နေသောကိစ္စတစ်ရပ်ဖြစ်သည်။ ဂျွန်ဟော့ကင်း တက္ကသိုလ် (၂၀၂၀) ၏ ဖော်ပြချက်အရ ၂၀၂၀ ခုနှစ်၊ မေလ (၂၅)ရက်နေ့အထိ ကမ္ဘာတစ်ဝှမ်းလုံးတွင် လူပေါင်း ၃၅၀,၀၀၀ ခန့် သေဆုံးခဲ့ပြီး ဖြစ်ပါသည်။ ဗိုင်းရပ်စ်ပိုးကြောင့် ပြင်းထန်သော ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲပြဿနာများ အပြင် ဗိုင်းရပ်စ်ပိုး တိုက်ဖျက်ရေး အစီအမံများကြောင့်လည်း ကမ္ဘာတစ်ဝှမ်းလုံးရှိ စီးပွားရေးလုပ်ငန်း များတွင် ကြီးစွာသော ဆုံးရှုံးမှု ဖြစ်စေသည်။ အဆိုပါကပ်ရောဂါသည် ၁၉၃၀ ပြည့်နှစ် စီးပွားရေးကပ် နောက်ပိုင်း အကြီးမားဆုံးသော စီးပွားရေးကျဆင်းမှု ဖြစ်လာလိမ့်မည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံကို အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မေလ ၂၅ ရက်နေ့အထိ သေဆုံးသူလူနာ ၆ ဦးသာရှိပြီး (ကျန်းမားရေး နှင့်အားကစားဝန်ကြီးဌာန, ၂၀၂၀) ကျန်းမာရေး သက်ရောက်မှုများ လျော့နည်းသော်လည်း စီးပွားရေးကဏ္ဍတွင်မူ ပြင်းထန်သော အကျပ်အတည်းများ ရင်ဆိုင်နေရ ပါသည် ။

အဆိုပါစီးပွားရေးကဏ္ဍသက်ရောက်မှုများကို ပိုမိုနားလည်နိုင်ရန် အာရှဖောင်ဒေးရှင်းမှ COVID-19 ကမ္ဘာ့ကပ် ရောဂါနှင့်ပတ်သက်၍ နိုင်ငံတဝန်း စီးပွားရေး စစ်တမ်းတစ်ခုကို ကောက်ယူခဲ့ပါသည်။ စစ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်း များ၏ အကျိုးအမြတ်၊ လုပ်သားအင်အား၊ ငွေကြေးရရှိနိုင်မှု တို့အပေါ် ကူးစက်ကပ်ရောဂါ၏ သက်ရောက်မှု နှင့် မြန်မာအစိုးရ၏ စီးပွားရေးကုစားမှုအစီအစဉ် "အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း" အားဖြင့် မည်သို့ အကျိုးခံစားခွင့်များ ရှိနေကြောင်း သိရှိနိုင်ရန် ဖြစ်သည်။ အာရှဖောင်ဒေးရှင်းသည် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း စီမံချက်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ဒုတိယအကြိမ်စစ်တမ်း ကောက်ယူမှုကို ပြီးစီးခဲ့ပြီဖြစ်သည်။ ၎င်းသည် ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် မြို့နယ်များ၏ စီးပွားရေးဝန်းကျင် အတွင်းရှိ ကနဦးကုန်ကျစရိတ်၊ အခြေခံအဆောက်အုံများ၏ အရည်အသွေး၊ ဥပဒေစိုးမိုးမှု၊ ပွင့်လင်း မြင်သာမှုနှင့် အလုပ်သမားရရှိနိုင်မှု စသည် အခြေအနေ တို့ကို စံညွှန်းသတ်မှတ် ပေးပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါ စစ်တမ်းသည် အဆိုပါ စစ်တမ်းကိုအခြေခံ၍ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း စီမံချက်မှ အကောင်အထည် ဖော်ထားခြင်းဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော အကြောင်းအရာများအပြင် အခြေခံအဆောက်အအုံနှင့် ဘေးကင်းလုံခြုံမှုကဲ့သို့သော စီးပွားရေး ဝန်းကျင် နှင့် ဆက်နွယ်သောအကြောင်းအရာ များလည်း ပါဝင်သည်။ ယခုစစ်တမ်း အပါအဝင် မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း စီမံချက် တစ်ခုလုံးကို UK Aid နှင့် DaNa Facility တို့မှ ရန်ပုံငွေထောက်ပံ့ကူညီပါသည်။

## ၂. သုတေသနနည်းနာ

စီးပွားရေးလုပ်ငန်းများအပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ သက်ရောက်မှုကိုလေ့လာဆန်းစစ်ခြင်း စစ်တမ်းသည် ၂၀၁၉ နိုဝင်ဘာလ ၇ရက် နေ့မှ ၂၀၂၀ ဖေဖော်ဝါရီလ ၂၃ ရက်နေ့အတွင်း လုပ်ဆောင်ခဲ့သော မြန်မာ့စီးပွားရေးဝန်းကျင် ညွှန်းကိန်း၏ ဒုတိယအကြိမ်စစ်တမ်းကို အခြေခံထားပါသည်။ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀ စစ်တမ်းကို ယခုနှစ် နှောင်းပိုင်းတွင် အာရှဖောင်ဒေးရှင်းမှ ထုတ်ဝေသွားမည်ဖြစ်သည်။ သုတေသနနည်းနာအကျယ်ကို မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၁၉ တွင် တွေ့နိုင်ပါသည်။(see Malesky, Dulay, and Keesecker 2019) မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၁၉ စစ်တမ်းကို https://opendevelopmentmyanmar.net/mbei/ တွင် လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀ စစ်တမ်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးမှ ကျပန်း ရွေးချယ်ထားသော မြို့နယ်ပေါင်း ၈၉ မြို့နယ်ရှိ စီးပွားရေးလုပ်ငန်းပေါင်း ၅,၆၀၅ ခုကို မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။ ယခုစစ်တမ်းသည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀တွင် ရွေးချယ်ထားသော စီးပွားရေး လုပ်ငန်းပေါင်း ၅,၆၀၅ ခုမှ လုပ်ငန်းပေါင်း ၇၅၀ ကို ကျပန်းစနစ်ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ရွေးချယ် ခြင်းဖြင့် စစ်တမ်းနှစ်ခုမှ ရရှိလာသော ရလဒ်များကို နှိုင်းယှဉ်မှုပြုလုပ်နိုင်ခဲ့သည်။ အင်တာဗျူးမေးမြန်းခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၈ ရက်မှ မေလ ၁၀ ရက်နေ့အတွင်းပြုလုပ်ခဲ့ပါသည်။ သုတေသနနည်းနာရှင်းလင်းချက်ကို နောက်ဆက်တွဲ ၁ တွင် တွေ့မြင်နိုင်ပြီး တယ်လီဖုန်းအင်တာဗျူးတွင် အသုံးပြုခဲ့သော မေးခွန်းလွှာကို နောက်ဆက်တွဲ ၂ တွင် ကြည့်ရှုနိုင်ပါသည်။

## ၃. ရလဒ်

ဤအပိုင်းတွင် အဓိကတွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြထားသည်။ ကဏ္ဍတစ်ခုချင်းစီ၏ ရလဒ်များကို နောက်ဆက်တွဲ ၃ ရှိ ကိန်းဂဏန်းပြ ဇယားတွင်တွေ့နိုင်သည်။ အချို့ရလဒ်များကို ပထဝီဝင်အနေအထားအရ ခွဲခြားထားသည်ကို နောက်ဆက်တွဲ ၄ တွင်ထည့်သွင်းထားသည်။

### ၃.၁ အထွေထွေကဏ္ဍ

၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်မှ မေလ ၁၀ ရက်အတွင်း အင်တာဗျူးစစ်တမ်းပြုလုပ်ချိန်တွင် စီးပွားရေးလုပ်ငန်း ၂၉ ရာခိုင်နှုန်းခန့်သည် လုံးဝပိတ်ထားသည်ကိုတွေ့ရသည် (ပုံ-၁ တွင်ရှု)။ လုပ်ငန်းများ၏ ထက်ဝက်ခန့်မှာ လုပ်သားများ လေးပုံတစ်ပုံခန့်သာ ကျန်ရှိပြီး နေအိမ်မှ အလုပ်လုပ်ကိုင်ခြင်း (သို့) ဝန်ဆောင်မှုများကို ပြင်ဆင်ပြောင်းလဲခြင်း ဥပမာ စားသောက်ဆိုင်များတွင် ပါဆယ်စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း စသည်ဖြင့် ပုံမှန်အတိုင်းလည်ပတ်မှုကို လျှော့ကျလာပါသည်။ စစ်တမ်း ကောက်ယူမှုစတင်ချိန် ဧပြီလ ၂၈ ရက်နေ့အထိ ပိတ်ထားသော စီးပွားရေး လုပ်ငန်းများသည် ပျမ်းမျှအားဖြင့် ပိတ်ထားသည်မှာ ၂၈ ရက်ခန့်ရှိပြီး ပုံမှန်လည်ပတ်မှု လျှော့ချထားသော လုပ်ငန်းများမှာ ပျမ်းမျှအားဖြင့် ၂၆ ရက် ရှိပြီဖြစ်သည်။ ပုံ-၂ တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါသည် မတ်လနှင့် ဧပြီလတို့တွင် စီးပွားရေး လုပ်ငန်းများ၏လည်ပတ်မှုကိုမည်သို့ အကျိုးသက်ရောက်မှု ဖြစ်စေသည် နှင့် အချိန်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်မှု လျော့ကျလာသည်ကို တွေ့ရမည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်မှ မေလ ၁၀ ရက်အတွင်း အင်တာဗျူးစစ်တမ်းပြုလုပ်ချိန်တွင် စီးပွားရေးလုပ်ငန်း ၂၉ ရာခိုင်နှုန်းခန့်သည် လုံးဝပိတ်ထားသည်ကိုတွေ့ရသည် (ပုံ-၁ တွင်ရှု)။ လုပ်ငန်းများ၏ ထက်ဝက်ခန့်မှာ လုပ်သားများ လေးပုံတစ်ပုံခန့်သာ ကျန်ရှိပြီး နေအိမ်မှ အလုပ်လုပ်ကိုင်ခြင်း (သို့) ဝန်ဆောင်မှုများကို ပြင်ဆင်ပြောင်းလဲခြင်း ဥပမာ စားသောက်ဆိုင်များတွင် ပါဆယ်စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း စသည်ဖြင့် ပုံမှန်အတိုင်းလည်ပတ်မှုကို လျှော့ကျလာပါသည်။ စစ်တမ်း ကောက်ယူမှုစတင်ချိန် ဧပြီလ ၂၈ ရက်နေ့အထိ ပိတ်ထားသော စီးပွားရေး လုပ်ငန်းများသည် ပျမ်းမျှအားဖြင့် ပိတ်ထားသည်မှာ ၂၈ ရက်ခန့်ရှိပြီး ပုံမှန်လည်ပတ်မှု လျှော့ချထားသော လုပ်ငန်းများမှာ ပျမ်းမျှအားဖြင့် ၂၆ ရက် ရှိပြီဖြစ်သည်။ ပုံ-၂

တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါသည် မတ်လနှင့် ဧပြီလတို့တွင် စီးပွားရေး လုပ်ငန်းများ၏လည်ပတ်မှုကိုမည်သို့ အကျိုးသက်ရောက်မှု ဖြစ်စေသည် နှင့် အချိန်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်မှု လျော့ကျလာသည်ကို တွေ့ရမည်ဖြစ်သည်။

ပုံ (၁) စစ်တမ်းကောက်ယူချိန်တွင်စီးပွားရေးလုပ်ငန်းများလည်ပတ်မှု




ပုံ(၂) စီးပွားရေးလည်ပတ်မှုအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ၏သက်ရောက်မှု




စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း မလည်ပတ်ရခြင်း အကြောင်းရင်းမှာ လုပ်ငန်းရှင်များနှင့်ဝန်ထမ်းများ၏ဘေးကင်းလုံခြုံမှုကို ထည့်သွင်းစဥ်းစား၍ ဖြစ်သည်။ စီးပွားရေးလုပ်ငန်း သုံးပုံနှစ်ပုံ၏ လုပ်ငန်းလည်ပတ်မှုလျှော့ချခြင်း၊ ရပ်နားထားရခြင်းမှာ အာဏာပိုင်များ၏ ညွှန်ကြားချက်များကြောင့် မဟုတ်သည်ကိုတွေ့ရသည်။ ကန့်သတ်ချက်များအကြောင်းမေးမြန်းရာတွင် မြို့နယ်တစ်ခုနှင့်တစ်ခု အတွင်းအသွားအလာ ကန့်သတ်ထားခြင်းမှာ အဓိက အကြောင်းရင်း ဖြစ်သည်ဟု ၈၀ ရာခိုင်နှုန်းသော စီးပွားရေး လုပ်ငန်းများက ဖြေဆိုကြပြီး၊ မြို့နယ်အတွင်း အသွားအလာ ကန့်သတ်ထားခြင်းကြောင့် ဖြစ်သည်ဟု ၆၈ ရာခိုင်နှုန်းသော

လုပ်ငန်းများက ဖြေဆိုကြသည်။ အစိုးရမှ ချမှတ်ထားသော အသွားအလာ ကန့်သတ်ချက် များသည် စီးပွားရေးလုပ်ငန်းများ လုပ်ငန်းလည်ပတ်မှု လျော့ချခြင်း၊ ရပ်နားထားရခြင်း ဆုံးဖြတ်ချက်များအပေါ် တနည်းနည်းနှင့် သက်ရောက်မှု ရှိပါသည်။ နိုင်ငံတကာ အသွားအလာ ကန့်သတ်ချက်များသည် စီးပွားရေးလုပ်ငန်းများအပေါ် ကြီးမားစွာ သက်ရောက်မှု ရှိသည်ဟု ၇ ရာခိုင်နှုန်းသော စီးပွားရေး လုပ်ငန်းများကသာ ပြောကြပါသည်။ သုံးပုံနှစ်ပုံသော စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ပုံမှန် လည်ပတ်မှုကို လာမည့်တစ်လ၊ နှစ်လအတွင်း လုပ်ဆောင်နိုင်သော်လည်း လုပ်ငန်းတည်ရှိရာ အဓိက နယ်မြေဈေးကွက် (သို့) ထုတ်ကုန် အမျိုးအစား အလိုက် တုန့်ပြန် လုပ်ဆောင်ရန် ခက်ခဲမှု ရှိနေပါသည်။

ပုံ (၃) စီးပွားရေးလုပ်ငန်းများပုံမှန်အတိုင်းမလည်ပတ်ရသည့်အကြောင်းရင်းများ




## ၃.၂ စီးပွားရေး စွမ်းဆောင်ရည်

မြန်မာနိုင်ငံတွင် ပထမဆုံးသော COVID-19 ကမ္ဘာ့ကပ်ရောဂါကို မတ်လ ၂၃ ရက်နေ့တွင် အတည်ပြုတွေ့ရှိသော အခါတွင် အစိုးရအနေဖြင့် လူအများအား ဗိုင်းရပ်စ်ပိုးကူးစက်မှု လျော့ချနိုင်ရန် လူထုအတွင်း ခပ်ခွာခွာ နေစေခြင်း၊ လူစုလူဝေး ပြုလုပ်ခြင်းများကို ဖျက်သိမ်းခြင်းနှင့် စီးပွားရေးလုပ်ငန်း များ၏ အလုပ်ချိန်များကို ကန့်သတ်ခြင်း စသည်တို့ကို ပဏာမ ခြေလှမ်းအနေဖြင့် လုပ်ဆောင်ခဲ့သည်။ သို့သော် အဆိုပါစီမံဆောင်ရွက်မှု များကြောင့် ကူးစက်မှုများကို နှေးကွေး စေသော်လည်း စီးပွားရေး လုပ်ငန်းများအပေါ် ကံမကောင်းစွာပင် ဆိုးကျိုးသက်ရောက်စေခဲ့ ပါသည်။ COVID-19 ကမ္ဘာ့ကပ် ရောဂါကြောင့် စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့်သည် ရောင်းအားကျဆင်းခဲ့ကြောင်း စစ်တမ်းအရ တွေ့ရှိခဲ့သည်။ (ပုံ - ၄ တွင်ရှု)။ စီးပွားရေးလုပ်ငန်း လေးခုအနက် သုံးခုသည် ၎င်းတို့၏ ပုံမှန်ရောင်းအားများ၏ ထက်ဝက်နှင့် အထက် ဝင်ငွေကျဆင်းမှုများ ရင်ဆိုင်ခဲ့ရသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်း ငါးပုံတစ်ပုံကျော်မှာ ရောင်းအား လုံး၀ ရပ်တန့်သွားသည်။

ပုံ (၄) ကိုဗစ်-၁၉ ကြောင့် ရောင်းအားများပြောင်းလဲခြင်း




မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀ (MBEI 2020) စစ်တမ်းကောက်ယူခဲ့သည့် ၂၀၁၉ နိုဝင်ဘာလမှ ၂၀၂၀ ဖေဖော်ဝါရီလအတွင်း စီးပွားရေးလုပ်ငန်း ၅၅ ရာခိုင်နှုန်းခန့်သည် အမြတ်အစွန်းများ ရှိခဲ့သည် (ပုံ ၅ တွင် ရှု)။ COVID-19 စစ်တမ်းကောက်ယူချိန်တွင်မူ ၂၂ ရာခိုင်နှုန်းကသာ အမြတ်အစွန်းရကြောင်း အစီရင်ခံခဲ့သည်။ အလားတူပင် ကိုဗစ် ၁၉ စစ်တမ်းကောက်ယူချိန်တွင် ၅၂ ရာခိုင်နှုန်းသည် ဆုံးရှုံးခဲ့ကြောင်း အစီရင်ခံခဲ့ပြီး ကပ်ရောဂါ မတိုင်မီက ၁၂ ရာခိုင်နှုန်းသာ ဆုံးရှုံးမှုရှိခဲ့သည်။ စီးပွားရေး လုပ်ငန်းများ၏ သုံးပုံနှစ်ပုံနီးပါးသည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် လုပ်ငန်း ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်သည့် ငွေသားစီးဆင်းမှု ပြဿနာများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်ကြသည်။ ပျှမ်းမျှအားဖြင့် ၂၀၂၀ စက်တင်ဘာလအထိ စီးပွားရေး လုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရန် လုပ်ငန်းတစ်ခုလျှင် ကျပ် ၁၈ သန်းခန့် လိုအပ်မည်ဟု ခန့်မှန်းကြသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျပ် ၉၀၀ မှ ၂၁၀၀ ဘီလီယံ အကြားရှိသည်ဟု ခန့်မှန်းသိရှိရသည်။ ထိုပမာဏသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ခန့်မှန်းထားသော (IMF 2020) မြန်မာနိုင်ငံ၏ ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ် စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး (GDP) ၀.၇ နှင့် ၁.၇ ရာခိုင်နှုန်း အကြား ညီမျှပါသည်။

ပုံ (၅) မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းစစ်တမ်းကောက်ယူချိန်နှင့် ကိုဗစ်-၁၉ စစ်တမ်းကောက်ယူချိန်တွင် စီးပွားရေးလုပ်ငန်းများအမြတ်ရရှိနိုင်မှုကိုနှိုင်းယှဉ်လေ့လာခြင်း



စီးပွားရေးလုပ်ငန်းများ၏ ထက်ဝက်ခန့်သည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ၎င်းတို့၏ စီးပွားရေး ရှင်သန်ရပ်တည်မှု အတွက် အလယ်အလတ်အဆင့် သို့မဟုတ် မြင့်မားသော အန္တရာယ် ရှိကြောင်း အစီရင်ခံကြသည် (ပုံ ၆ နှင့် ၇ တွင် ရှု)။ စစ်တမ်းအရ အထည်အလိပ် ထုတ်လုပ်ခြင်း - အဝတ်အထည်များနှင့် သားရေထုတ်လုပ်ခြင်းနှင့် ဟိုတယ်(သို့)တည်းခိုခန်း ကဏ္ဍ - (ဟိုတယ်၊မိုတယ်နှင့် တည်းခိုခန်းများ) တို့သည် ဆုံးရှုံးနိုင်ခြေ အမြင့်မားဆုံးသော လုပ်ငန်းများတွင် ပါဝင်သည်။ ဟိုတယ်(သို့)တည်းခိုခန်း ၊ အစားအစားနှင့် အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများသည် နိုင်ငံတွင်းနှင့် နိုင်ငံတကာ ခရီးသွားများ ရပ်ဆိုင်းသွားမှု၏ ဆိုးကျိုးကို ခံစားနေရပြီး အိမ်တွင်နေရန် ညွှန်ကြားချက် များနှင့် လူငါးဦးထက်ပိုသော လူစုဝေးခြင်းအား ကန့်သတ်ခြင်းမှာ အစားအစာနှင့် အဖျော်ယမကာ ကဏ္ဍအပေါ် အထူးသက်ရောက် နေလျှက်ရှိ ပါသည်။ ဤလုပ်ဆောင်ချက်များသည် ကုန်ထုတ်လုပ်မှု ကဏ္ဍကိုပါ အကျိုး သက်ရောက် စေခဲ့ပြီး များပြားလှသော အလုပ်သမားများသည် အများအားဖြင့် တူညီသောနေရာတွင် အတူတကွ လုပ်ကိုင်ကြသော်လည်း ယခုအခါတွင် လူမှုအကွာအဝေး စည်းမျဉ်းစည်းကမ်း များဖြင့် ကန့်သတ်ထားခြင်း ခံထားရပါသည်။ လက်လီလက်ကား ရောင်းဝယ်ရေး လုပ်ငန်းများသည် ရှင်သန်ရပ်တည် နိုင်ရန် အတွက် အန္တရာယ် အနည်းငယ်သာ ရင်ဆိုင်ရ ပါသည်။ နေရာဒေသ များစွာထဲမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ(CDC) ရှိ စီးပွားရေးလုပ်ငန်းများ၊ အပူပိုင်းဒေသ အလယ်ပိုင်းနှင့် တောင်ပိုင်း လွင်ပြင်ဒေသရှိ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့ရှင်သန် ရပ်တည်နိုင်ရေးအတွက် အန္တရာယ် အမြင့်ဆုံး ဖြစ်ကြောင်း ဖော်ပြခဲ့ ကြသည်။

ပုံ (၆) ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများဆက်လက်ရပ်တည်ရန် အန္တရာယ်ရှိ/မရှိအပေါ် လုပ်ငန်းရှင်များ၏ထင်မြင်ချက်




**Figure 1** ကိုဗစ်-၁၉ကြောင့် စီးပွားရေးလုပ်ငန်းများ လုပ်ငန်းအမျိုးအစားနှင့် ပထဝီဝင်နေရာကွာခြားမှုအလိုက် အန္တရာယ်ဖြစ်နိုင်ခြေ



## ၃.၃ ငှားရမ်းခ

စီးပွားရေးလုပ်ငန်းများကို ပိတ်လိုက်သော်လည်း အချို့သော ကုန်ကျစရိတ်များမှာရှိနေသေးသည်။ ငှားရမ်းခသည် ထိုကဲ့သို့သော ကုန်ကျစရိတ်များထဲမှ တစ်ခုဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ ရောင်းအား သိသိသာသာ ကျဆင်းလာသည့်နှင့်အမျှ ၎င်းတို့၏ ငှားရမ်းခ အခက်အခဲများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်ရသည်။ သို့သော်လည်း စစ်တမ်းအရ စီးပွားရေးလုပ်ငန်းများ၏ လေးပုံသုံးပုံသည် သူတို့လုပ်ကိုင်နေသော မြေ သို့မဟုတ် အဆောက်အဦးကို ပိုင်ဆိုင်ကြသည်။ ဤအချက်သည် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများသည် သေးငယ်ပြီး မိသားစုပိုင်များ အဖြစ်ရှိနေသည်ဟူသော အချက်ကို ထင်ဟပ်နေသည်။ သို့ဖြစ်ပါသောကြောင့် သူတို့အနေဖြင့် အိမ်ငှားခပေးဆောင်ရန် ဝန်ထုပ်ဝန်ပိုးမှ ကင်းဝေးပြီး ငှားရမ်းခများကြောင့် ငွေကြေးစီးဆင်းမှု အခက်အခဲများနှင့် တိုက်ရိုက် မရင်ဆိုင်ရခြင်း ဖြစ်သည်။ သို့သော်လည်း သူတို့အနေဖြင့် လက်ရှိထုတ်လုပ်မှုစွမ်းရည် ကျဆင်းမှု သို့မဟုတ် ထုတ်လုပ်မှုရပ်တန့်ခြင်းများ၊ တန်ဖိုးလျော့ကျခြင်းကဲ့သို့သော ကုန်ကျစရိတ်များ ရင်ဆိုင်ရအုံးမည် ဖြစ်သည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် အိမ်ငှားနှင့် သဘောတူစာချုပ်တွင် အပြောင်းအလဲရှိပါက ငှားရမ်းခ ပေးရန်လိုအပ်သော စီးပွားရေး လုပ်ငန်းများကို စစ်တမ်းတွင် မေးမြန်းခဲ့သည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများ အနက် ၂၈ ရာခိုင်နှုန်းသည် COVID-19 ကမ္ဘာ့ကပ် ရောဂါကြောင့် ငှားရမ်းခ ပေးချေမှု အထူးအစီအမံများ ပြင်ဆင်ပေးရန် အိမ်ရှင်များအား တောင်းဆိုခဲ့ကြသည်။ ငှားရမ်းခ ကာလ လျော့နည်းခြင်း၊ ငှားရမ်းခ ပေးဆောင်ရန် မလိုခြင်းနှင့် ငှားရမ်းခ လျော့ပေးခြင်း စသည့် အကျိုးကျေးဇူးများနှင့် ပတ်သက်သည့် အစီအမံ များကို တောင်းဆို ခဲ့ကြသည်။ ဖြေဆိုသည် အနည်းငယ်ကသာ သူတို့၏အိမ်ရှင်သည် အဆိုပါ အစီအမံ များပေးခဲ့သည်ဟု အစီရင်ခံခဲ့သည်။ ငှားရမ်းခ ရွှေ့ဆိုင်းခြင်း ကိုသာ တွေ့ရများပြီး အိမ်ပိုင်ရှင်ရှိသော စီးပွားရေးလုပ်ငန်းများ၏ ၄ ရာခိုင်နှုန်း က ယင်းကဲ့သို့ ငှားရမ်းခပေးချေမှု ရွှေ့ဆိုင်းခဲ့ရသည်ဟု ဖြေဆိုပါသည်။ ၉၁ ရာခိုင်နှုန်းက အိမ်ငှားခအတွက် အစီအစဉ် အပြောင်းအလဲ မရှိကြောင်း ဖြေဆိုခဲ့သည်။

## ၃.၄ အခြေခံအဆောက်အဦ

COVID-19ကဲ့သို့သော အဓိက ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ဆောင်မှုအပေါ် ကန့်သတ်ခြင်းများနှင့်ဆက်စပ်၍ လျှပ်စစ်၊ ရေနှင့် အင်တာနက်ကဲ့သို့သော အဓိက ဝန်ဆောင်မှုများ ပျက်စီးယိုယွင်းစေလိမ့်မည်ဟု မျှော်လင့်နိုင်သည်။ ထို့ကြောင့် စစ်တမ်းသည် စီးပွားရေးလုပ်ငန်းများအား ၎င်းတို့၏ ဝန်ဆောင်မှု အရည်အသွေးအပေါ် သူတို့၏ သဘောထားအမြင်များကို မေးမြန်းခဲ့သည်။ အဆိုပါ တုန့်ပြန်မှုများကို မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀ (MBEI 2020)စစ်တမ်းမှ တုန့်ပြန်မှုများနှင့် နှိုင်းယှဉ်၍ ထွက်ပေါ်လာသည့် ရလဒ်များကို ပုံ ၈ တွင် တွေ့မြင်နိုင် ပါသည်။ တယ်လီဖုန်း၊လျှပ်စစ်နှင့် ရေ တို့အတွက် တုန့်ပြန်မှုများတွင် မျှော်လင့်ထားသော ဝန်ဆောင်မှုများ၏ ပျက်စီးခြင်းကို မတွေ့ရပါ။ စင်စစ်အားဖြင့် အဆိုပါ ဝန်ဆောင်မှုများအပေါ် စီးပွားရေး လုပ်ငန်းများ အကဲဖြတ်ရာတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း အနည်းငယ် တိုးတက်လာသည်ကို တွေ့ရသည်။ ဤအပြုသဘောဆောင်သော ရလဒ်များသည် စီးပွားရေးလုပ်ဆောင်မှုများ လျော့နည်းလာသောကြောင့် လျှပ်စစ်မီးကဲ့သို့သော ဝန်ဆောင်မှုများအတွက် ဝယ်လိုအား ကျဆင်းလာခြင်း၏ ရလဒ်ဖြစ်နိုင်သည် သို့မဟုတ် ကပ်ရောဂါ ဖြစ်ပွားနေစဉ် အတွင်း ဤအရေးပါသော ဝန်ဆောင်မှုများ မထိခိုက်သောကြောင့် လူအများက ကျေးဇူးတင်ခြင်း ကြောင့်လည်း ဖြစ်နိုင်သည်။

သို့သော်လည်း အင်တာနက်ဝန်ဆောင်မှုများ၏ အလုံးစုံ အကဲဖြတ်မှုများသည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း (MBEI 2020) မှ စတင်၍ အပြုသဘောမဖြစ်ခဲ့ဘဲ ထင်မြင်ချက်များမှာလည်း ကွဲပြားခြားနား လာပါသည်။ အဝေးမှ အလုပ်လုပ်ခြင်း နှင့် အားလပ်ချိန် များတွင် အင်တာနက် အသုံးပြုမှု များပြားလာခြင်းကြောင့် အင်တာနက် ဝန်ဆောင်မှုလိုအပ်ချက် မြင့်တက်ဖွယ် ရှိသည်။ မနှစ်ခြိုက်ခြင်း (သို့) မူမမှန် သဘောထားတခုမှာ COVID-19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ပိုမိုကောင်းမွန်သော အင်တာနက် ဝန်ဆောင်မှု ရလိုမှု ကြောင့်လည်း ဖြစ်နိုင်သည်။

အချို့သော အင်တာနက် ဝန်ဆောင်မှုပေးသူများသည် အခြားသူများထက် COVID-19 ကမ္ဘာ့ကပ်ရောဂါကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်နိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများအား ပြီးခဲ့သည့်လက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ကြာချိန်နှင့် အဓိက ဆက်သွယ် လမ်းကြောင်းများနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်။ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း (MBEI 2020) နှင့် COVID-19 စစ်တမ်းအကြား ပြတ်တောက်ချိန်နှိုင်းယှဉ်ကြည့်ရာတွင် စာရင်းအင်းအရ သိသိသာသာပြောင်းလဲမှု မရှိကြောင်း တွေ့ရသည်။

ပုံ (၈) စီးပွားရေးလုပ်ငန်းများတည်ရှိရာ မြို့နယ်ရှိ ဝန်ဆောင်မှုလုပ်ငန်းများ၏အရည်အသွေး




## ၃.၅ အလုပ်အကိုင်

COVID-19၏ စီးပွားရေး အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ အကြီးမားဆုံးသော စိုးရိမ်ပူပန်မှုတစ်ခုမှာ စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခြင်း သို့မဟုတ် ၎င်းတို့ လုပ်ငန်းလည်ပတ်မှုများ လျော့ချခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများ၏ စားဝတ်နေရေးပင် ဖြစ်သည်။ စစ်တမ်း အကြံပြုချက်အရ ယခုစစ်တမ်း၏ အင်တာဗျူးလုပ်ချိန်တွင် COVID-19ကြောင့် စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ဝန်ထမ်း ပျမ်းမျှ ၁၆ ရာခိုင်နှုန်း ကို ရာထူးကနေ ဖယ်ရှားပစ်ခဲ့သည်။ ၎င်းတွင် အလုပ်မှ အပြီးပိုင် ထုတ်ပယ်ခံရသော အလုပ်သမားနှင့် လစာမဲ့ ခွင့်ယူရသော အလုပ်သမားများ ပါဝင်သည်။ စစ်တမ်းတွင် မည်သည့် ပုံစံဖြင့်မဆို လစာရရှိနေသေးသူများကို ချန်လှပ်ထားသည်။ အများစုဖြစ်သော ၈၄ ရာခိုင်နှုန်းမှာ အောက်ခြေဝန်ထမ်းများ ဖြစ်ကြသည် (ပုံ ၉ တွင်ရှု)။ အောက်ခြေဝန်ထမ်းများသည် အခြားအဆင့်များနှင့် နှိုင်းယှဉ်ကြည့်ပါက အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည်။ ၁၉ ရာခိုင်နှုန်းသော အောက်ခြေဝန်ထမ်းများ အလုပ်အကိုင် အခွင့်အလမ်းဆုံးရှုံးချိန်တွင် ၅ ရာခိုင်နှုန်းသော မန်နေဂျာ များမှာလည်း အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးကြသည်။ အောက်ခြေအဆင့် ဝန်ထမ်းများ သည် ဝင်ငွေမရှိသော ကာလများကို ဖြတ်ကျော်ရန် အရင်းအမြစ်များ အနည်းဆုံးကို ရရှိလေ့ရှိသည်။ ထို့ကြောင့် ရလဒ်များအရ အခက်အခဲ ကာလကို ကျော်လွှားနိုင်ရန် အောက်ခြေဝန်ထမ်း များကို ထောက်ပံ့နိုင်ရန် အာရုံစိုက်သင့်သည်။ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ခြင်း၊ အစားအသောက်နှင့် အဖျော်ယမကာ လုပ်ငန်းများ ဝန်ဆောင်မှုပေးခြင်း နှင့် အခြေခံသတ္တုလုပ်ငန်းများမှ ဝန်ထမ်းများသည် အထိခိုက်ဆုံး ဖြစ်ကြသည်။ ဝန်ထမ်းဦးရေ ၂၀ကျော် ရှိသော စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများသည် သေးငယ်သော စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ၎င်းတို့အလုပ်ကို ဆုံးရှုံးနိုင်ခြေ ပိုများသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် အမျိုးသမီးများ အလုပ်ဆုံးရှုံးနိုင်ခြေ ပိုများသည်ဟု သက်သေအထောက်အထား မတွေ့ရှိရသော်လည်း ရလဒ်များအရ ကြီးကြပ်ရေးမှူးအဆင့် အမျိုးသမီးများသည် သူတို့၏အလုပ်များ ဆုံးရှုံးရလေ့ရှိသည်။ အဆိုပါအချက်ကို အမျိုးသမီး ကြီးကြပ်ရေးမှူး များစွာရှိသည့် ဟိုတယ်(သို့)တည်းခိုခန်း ဝန်ဆောင်မှုကဲ့သို့သော ပိုမိုထိခိုက်သောလုပ်ငန်းများတွင် တွေ့မြင်နိုင်သည်။ ဝန်ထမ်းများစွာ အလုပ်ပြုတ်ခဲ့ကြသော်လည်း စစ်တမ်းကောက်သည့်အချိန်တွင် စီးပွားရေးလုပ်ငန်း ၈

ရာခိုင်နှုန်းက အလုပ်သမားများအား အလုပ်မှ ထပ်မံထုတ်ပယ်ရန် စဉ်းစားနေကြသည်။ အဆိုပါ ပမာဏသည် တရားဝင် စီးပွားရေးလုပ်ငန်းများတွင် ရှိနေသော လုပ်သားအင်အား ၆ ရာခိုင်နှုန်းခန့်နှင့် ယှဉ်ကြည့်ပါက သိသိသာသာ များပြားလှသည်။ ဤခန့်မှန်းချက်သည် စီးပွားရေးလုပ်ငန်းများ၏ အနာဂတ် အစီအစဉ်ကို အခြေခံသော်လည်း ငွေသားစီးဆင်းမှု ပြဿနာများကြောင့် စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းစေရန် တွန်းအားပေးလာပါက ဝန်ထမ်းများ၏ အလုပ်အကိုင်အပေါ် ပို၍ ကြီးမားစွာ သက်ရောက်နိုင်သည်။

ပုံ (၉) အလုပ်သမားလျှော့ချမှု




မျှော်လင့်မထားသော ရလဒ်တစ်ခုမှာ စီးပွားရေးလုပ်ငန်းများသည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀ (MBEI 2020) စစ်တမ်းကာလ ( ၂၀၁၉ နိုဝင်ဘာလ မှ ၂၀၂၀ ဖေဖော်ဝါရီလထိ) နှင့် COVID-19 စစ်တမ်းကာလ (ဧပြီလ မှမတ်လ ၂၀၂၀ထိ) အကြားတွင် အလုပ်အကိုင် အခွင့်အလမ်းများသည် အပြောင်းအလဲမရှိကြောင်း အစီရင်ခံတင်ပြကြသည်။ ဖြစ်နိုင်ခြေရှိသော ရှင်းလင်းချက် များစွာအနက် ပထမအချက်မှာ မြန်မာနိုင်ငံ၏ ရေရှည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ခြင်းကြောင့် ဖြစ်ပြီး မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း (MBEI 2020) တွေ့ဆုံမေးမြန်းခြင်းနှင့် COVID-19 ကမ္ဘာ့ကပ်ရောဂါ ကြားကာလအတွင်း အလုပ်အကိုင် အခွင့်အလမ်း ပိုမို များပြားလာခြင်း ကိုလည်း ဖော်ပြနေသည်။ ဤအယူအဆကို ဝန်ထမ်း အမြောက်အမြား လျှော့ချထားသော စီးပွားရေးလုပ်ငန်းများက လက်ခံကြောင်း တွေ့ရှိရသည်။ ရလဒ်များအရ ဒုတိယရှင်းလင်းချက်တစ်ခုမှာ လုပ်ငန်းများအကြား အလုပ်အကိုင် အခွင့်အလမ်းရွှေ့ပြောင်းခြင်း ဖြစ်သည်။ ဥပမာအားဖြင့် လက်ကားနှင့် လက်လီကဏ္ဍ ဖြစ်သည်။ မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း ၂၀၂၀ (MBEI 2020) အရ လက်လီနှင့်လက်ကား အခန်းကဏ္ဍတွင် အလုပ်အကိုင် အခွင့်အလမ်းများ ၂၆ ရာခိုင်နှုန်း အထိ တိုးပွားလာသည်။ ဤစစ်တမ်း၏ အခြားသော ရလဒ်များအရ လက်လီနှင့်လက်ကား လုပ်ငန်းများသည် အခြားလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် ထိခိုက်မှု လျော့နည်းသည်ကို တွေ့ရှိခဲ့ရသည်။ အခြားသော လုပ်ငန်းများမှ လက်လီနှင့်လက်ကား လုပ်ငန်းများသို့ အလုပ်အကိုင်အခွင့်အလမ်း ပြောင်းရွှေ့ခြင်းများ ရှိနိုင်သည်။ ဖြစ်နိုင်ခြေရှိသော တတိယ အကြောင်းအရင်းမှာ အလုပ်အကိုင်အခွင့်အလမ်း အပေါ် ရာသီအလိုက် အကျိုးသက်ရောက်မှု ဖြစ်သည်။ ဤတွေ့ရှိချက်ကို အပြည့်အဝ နားလည်သဘောပေါက်ရန် အလို့ငှာ နောက်ထပ် ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သက်သေအထောက်အထားများ လိုအပ်ပါသည်။

## ၃.၆ ငွေရေးကြေးရေး ထောက်ပံ့မှု ရရှိရေး

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စီးပွားရေးလုပ်ငန်းသုံးပုံနှစ်ပုံသည် COVID-19 ကြောင့် ငွေသားစီးဆင်းမှု ပြဿနာများနှင့် ရင်ဆိုင်ရလိမ့်မည်။ အကယ်၍ စီးပွားရေးလုပ်ငန်းများသည် ဝင်ငွေနည်းပါးလာပါက လုပ်ငန်းလည်ပတ်နေသည့် ကုန်ကျစရိတ်များကို ကာမိရန်အတွက် ချေးငွေများကို အသုံးပြုရန်လိုအပ်လိမ့်မည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ငွေကြေး ထောက်ပံ့မှု ရရှိရေးသည် စီးပွားရေးရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးကြီးသည်။ မြန်မာစီးပွားရေးဝန်းကျင် ညွှန်းကိန်း (MBEI) ၂၀၂၀ အချက်အလက်များနှင့်နှိုင်းယှဉ်ပါက စီးပွားရေးလုပ်ငန်း များသည် ငွေချေးယူမှု ပိုမို တိုးတက်ခဲ့သည်ကို တွေ့ရှိရသည်။ သို့သော် COVID-19 ၏ ကနဦးကာလများတွင် စီးပွားရေးလုပ်ငန်းများသည် အသေးစားငွေချေးအဖွဲ့အစည်းများ၊ ငွေတိုးပေးသူများ၊ ဆွေမျိုးများနှင့် မိတ်ဆွေများအပေါ် မှီခိုမှုတိုးလာခြင်း နှင့်အတူ စီးပွားရေးလုပ်ငန်း များ၏ ငွေချေးယူသည့် အပြုအမူ ပြောင်းလဲသွားခဲ့သည် (ပုံ ၁၀ တွင်ရှု)။ COVID-19 မတိုင်မီတွင် စီးပွားရေးလုပ်ငန်း ၆၈ ရာခိုင်နှုန်းသည် ပုဂ္ဂလိကနှင့် အစိုးရဘဏ်များ

အပေါ်မှီခို ခိုခဲ့သော်လည်း COVID-19 ၏ ကနဦး ကာလအတွင်း ၄၁ ရာနှုန်းသို့ ကျဆင်းခဲ့သည်။ အကြောင်းရင်းမှာ စီးပွားရေးလုပ်ငန်းများသည် ပုဂ္ဂလိကဘဏ်များမှ ရရှိနိုင်သော ရင်းနှီးမြုပ်နှံမှုဖြစ်သော သာမန်စီးပွားရေး ချေးငွေများထက် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်အတွက် အရေးပေါ် ချေးငွေများ ပိုမိုလိုအပ်သောကြောင့် ဖြစ်ပါသည်။
တစ်ချိန်တည်းမှာပင် အသေးစားငွေချေးအဖွဲ့အစည်းများနှင့် အလွတ်သဘော အရင်းအမြစ်များမှ ချေးငွေ ရယူမှုသည် ရှုပ်ထွေးမှု နည်းပါးပြီး အများအားဖြင့် အပေါင်ပစ္စည်းများ မလိုအပ်ပါ။ သို့သော် စစ်တမ်းအရ အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၏ အတိုးနှုန်းများသည် အသေးစားချေးငွေလုပ်ငန်းများနှင့် ငွေတိုးချေးသူများနှင့် နှိုင်းယှဉ်လျှင် ပိုမိုနည်းပါးပါသည်။ COVID-19 ကာလအတွင်း လိုအပ်သော အရေးပေါ် ငွေရလွယ်မှုအတွက် အသေးစားငွေချေးလုပ်ငန်းများနှင့် သာမန် ငွေတိုးပေးလုပ်ငန်း စသော အရင်းအမြစ်များအပေါ် မှီခိုမှု ပိုမိုများပြားလာခြင်းကြောင့် စီးပွားရေးလုပ်ငန်းများသည် အတိုးနှုန်း မြင့်မားစွာ မလွှဲမရှောင်သာ ပေးဆောင်ရ မည်ဖြစ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ အစိုးရနှင့် ပုဂ္ဂလိကဘဏ်များထံမှ ချေးငွေများနှင့် လိုအပ်ချက်အရ စီမံထားသော COVID-19 ချေးငွေများ၏ အလိုက်သင့် ပြောင်းလဲနိုင်မှုရှိရန် အရေးကြီးသည်။

ပုံ (၁၀) မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းစစ်တမ်းနှင့် ကိုဗစ်-၁၉ စစ်တမ်းကောက်ယူချိန်တွင် စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေရရှိနိုင်မှုနှိုင်းယှဉ်လေ့လာခြင်း




ချေးငွေပြန်ဆပ်ခြင်းနှင့် စပ်လျဉ်း၍ ၇၁ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများသည် COVID-19 ကြောင့် ချေးငွေများနှင့် အတိုးနှုန်းများကို မဆပ်နိုင်ခြင်းအပေါ် အနည်းငယ် (သို့မဟုတ်) အလွန်အမင်း စိုးရိမ်မှုများ ရှိကြပါသည်။ ပြန်ဆပ်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများရှိသော စီးပွားရေးလုပ်ငန်း ၇၁ ရာခိုင်နှုန်းအနက် အများစု (၇၁ ရာခိုင်နှုန်း) သည် ချေးငွေများအား ပြန်ဆပ်သည့် ကာလများနှင့် ပတ်သက်၍ မြီရှင်နှင့် ဆွေးနွေးခြင်း မရှိခဲ့ကြပါ။ သို့သော် ချေးငွေ ပြန်ဆပ်သည့် ကာလကို ညှိနှိုင်းဆွေးနွေးခဲ့သည့် ၈၂ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများသည် မြီရှင်နှင့် သဘောတူညီမှု ရရှိခဲ့သည်။ ဤအချက်ကြောင့် မြီရှင်များသည် နားလည်မှုရှိကြောင်းနှင့် COVID-19 တုန့်ပြန်မှုကာလအား ကျော်လွှားနိုင်ရန် စီးပွားရေးလုပ်ငန်း များကို ထောက်ပံ့ရန် လိုက်လျောညီထွေမှု ရှိသည်ဟု ဖော်ပြနေပါသည်။

စီးပွားရေးလုပ်ငန်းများအား ငွေရေးကြေးရေး လက်လှမ်းမီမှုနှင့် ပတ်သက်၍ မြန်မာစီးပွားရေးဝန်းကျင် ညွှန်းကိန်း (MBEI) ၂၀၂၀မှ စတင်၍ မည်သို့ပြောင်းလဲသွားသည်ကို သိရှိရန် ၎င်းတို့၏ အမြင်များကို မေးမြန်းခဲ့သည်။ မေးခွန်းတခုမှာ ငွေချေးရန် အာမခံပစ္စည်းနှင့် အခြားတစ်ခုမှာ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း ဖြစ်သည်။ MBEI ၂၀၂၀ စစ်တမ်းတွင် ၁၁ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းက အာမခံ/အပေါင်ပစ္စည်းမပါဘဲ ချေးငွေများ မရရှိနိုင်ကြောင်း ဖော်ပြချက်ကို သဘောမတူခဲ့ကြပါ။ COVID-19ကာလ တွင် COVID-19 ကြောင့် ဤအချက်သည် ၂၂ ရာခိုင်နှုန်းအထိ နှစ်ဆမြင့်တက်လာခဲ့ပြီး အာမခံပစ္စည်းလိုအပ်ချက်ကို လျှော့ချခဲ့သည် (ပုံ ၁၁ ကိုကြည့်ပါ)။ အခြားတစ်ဖက်တွင်လည်း ၎င်းသည် အသေးစားချေးငွေလုပ်ငန်းများမှ ချေးငွေများရရှိသော စီးပွားရေးလုပ်ငန်းများစွာကိုလည်း ထင်ဟပ်ပြသနိုင်သည်။
ချေးငွေရယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ထင်မြင်ချက်များသည် ဆန့်ကျင်ဘက် ၂ ဖက်စွန်း ပိုမို၍ ပေါ်လွင်လာသည်။ တစ်ချက်မှာ စီးပွားရေးလုပ်ငန်းများ ချေးငွေရယူခြင်း မြင့်တက်လာသည်နှင့် အမျှ ချေးငွေဆိုင်ရာ

လုပ်ထုံးလုပ်နည်းများသည် အလွန်ရှုပ်ထွေးပြီး ပြဿနာရှိသည်ဆိုသောအချက်ကို ယခင်က စီးပွားရေးလုပ်ငန်း ၂ဝ ရာနှုန်းမှ အခိုင်အမာသဘောတူရာမှ ယခုအခါလုပ်ငန်း၏ ၃ဝ ရာနှုန်းအထိ တိုးလာသည်။ အခြားတဖက်တွင်လည်း ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အလွန်ရှုပ်ထွေးပြီး ပြဿနာရှိသည်ဟူသော အဆိုကို သဘောမတူသော စီးပွားရေးလုပ်ငန်းများ ယခင်က ၁၃ ရာခိုင်နှုန်းမှ ယခု ၂၅ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။

ပုံ (၁၁) အာမခံပစ္စည်းမရှိလျှင်ချေးငွေမရရှိနိုင်"အဆိုပေါ်တွင်စီးပွားရေးလုပ်ငန်းများ၏ထင်မြင်ယူဆချက်




## ၃.၇ အစိုးရထောက်ပံ့မှု

အစိုးရထံမှရရှိသော ထောက်ပံ့မှုနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများကို မေးမြန်းခဲ့ပါသည်။ ၎င်းတို့အား အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME)၊ အထည်အလိပ်နှင့် ခရီးသွားလုပ်ငန်းများအတွက် အရေးပေါ် ချေးငွေအစီအစဉ်များအကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်းငံ့ခြင်း၊ သုံးလတစ်ကြိမ် ဝင်ငွေခွန်ပေးဆောင်မှုကိုဆိုင်းငံ့ထားခြင်းနှင့် တင်ပို့မှုအပေါ် ၂% ကြိုတင် ဝင်ငွေခွန်မှ ကင်းလွတ်ခွင့်များအကြောင်း တိတိကျကျမေးမြန်းခဲ့သည်။ ထိုအချက်များသည် အစိုးရ၏ COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး အစီအစဉ် (ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ၂ဝ၂ဝ)တွင် ဖော်ပြထားသော စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ရန် အဓိက မူဝါဒများ ဖြစ်သည်။

ဤရလဒ်မှရရှိလာသောအဓိက လေ့လာတွေ့ရှိချက်မှာ စီးပွားရေးလုပ်ငန်း အများစုသည် ဤအထောက်အပံ့ပုံစံများကို မသိရှိနေခြင်း ဖြစ်သည်။ အရေးပေါ်ချေးငွေများကို လူသိအများဆုံးဖြစ်သော်လည်း စီးပွားရေး ၆၇ ရာခိုင်နှုန်းမှာ ၎င်းထောက်ပံ့မှု မူဝါဒကို မသိရှိကြပါ။ စီးပွားရေးလုပ်ငန်း ၉၂ ရာခိုင်နှုန်းသည် ပို့ကုန်အပေါ်တွင် ဝင်ငွေခွန်မှ ကင်းလွတ်ခွင့်ခြင်းနှင့် ပတ်သက်သော မူဝါဒကို မသိကြဟု ဆိုသည်။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းအရင်း တစိတ်တပိုင်းမှာ အချို့ အထောက်အပံ့ များဖြစ်သော ပို့ကုန်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပေးခြင်းသည် စီးပွားရေးလုပ်ငန်း အများစုနှင့် မသက်ဆိုင်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် ပို့ကုန်အပေါ် အခွန်ကင်းလွတ်ခြင်းသည် စီးပွားရေးလုပ်ငန်းများ အတွက် နည်းလမ်းသစ်တခု ဖြစ်နေသဖြင့် လူသိမှု လျော့နည်းပါသည်။ လူသိနည်းမှု ရာခိုင်နှုန်း အလွန်မြင့်မား နေသည်ကို ကြည့်ပါက ဤအစီအမံများကို လူသိရှင်ကြား ဖြစ်စေရန် အကြီးအကျယ် ပြုလုပ်ရန် လိုအပ်သည်ဟု ညွှန်းဆို နေပါသည်။ ကနဦး ရလဒ်များအရ ရန်ကုန်နှင့် နေပြည်တော်ရှိ စီးပွားရေး လုပ်ငန်းများသည် နိုင်ငံ၏ အခြားနေရာများနှင့် နှိုင်းယှဉ်ပါက အရေးပေါ်ချေးငွေ အစီအစဉ်ကို ပိုမိုသတိပြုမိကြသော်လည်း အခြားမူဝါဒသုံးခု အတွက်မူ သိသာစွာ ကွဲပြားမှုမရှိပါ။

ရလဒ်အနေဖြင့် မူဝါဒ (၄) ခုလုံးထံမှ အကျိုးခံစားခွင့် ရယူရန် ခက်ခဲလွန်း ပါသည်။ အကျိုးခံစားခွင့်ကိုရယူရန် လျှောက်ထားမှု ငြင်းပယ်ခံရခြင်း (သို့မဟုတ်) လုပ်ထုံးလုပ်နည်းများကို လျှောက်ထားရန် ခက်ခဲလွန်းသည့် စီးပွားရေးလုပ်ငန်း အရေအတွက် သည်လည်း မူဝါဒမှ အကျိုးခံစားခဲ့ရသူများထက် ပိုမိုများပြားသည်။ အဆိုပါအချက်ကို ချေးငွေအစီအစဉ်အတွက် မျှော်လင့်ထားနိုင်သော်လည်း (ပုံ ၁၂ တွင်ရှု) အခွန်ပေးဆောင်သည့် စီးပွားရေးလုပ်ငန်းအားလုံးအပေါ် သက်ရောက်သည့်

အခွန်ကင်းလွတ်ခွင့်အတွက် အလွန်အမင်း စိုးရိမ်ဖွယ် ဖြစ်သည်။ စစ်တမ်းနောက်ဆုံးတွင် တွေ့ဆုံမေးမြန်းခဲ့သော စီးပွားရေးလုပ်ငန်း အနည်းငယ်ကသာ ဤမူဝါဒများမှ အကျိုးရရှိခဲ့သည်။

ယခုအချိန်အထိ စီးပွားရေးလုပ်ငန်းအများစုကို အကျိုးဖြစ်ထွန်းစေသည့် မူဝါဒမှာ စီးပွားရေးအခွန်ကို ဆိုင်းငံ့ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်း၏ ၂ ရာခိုင်နှုန်းက ၎င်းတို့သည် ယင်းမူဝါဒ၏ အကျိုးအမြတ်ကို ခံစားနေရသည်ဟု ဆိုသည်။ မူဝါဒ ၄ခုအနက် အရေးပေါ်ချေးငွေသည် စီးပွားရေးလုပ်ငန်းများထံသို့ အနည်းဆုံးမျှသာ ရောက်ရှိခဲ့သည် (စစ်တမ်းတွင် ပါဝင်သော စီးပွားရေး ၂ခုသာ)။ သို့သော် များစွာသော စီးပွားရေးလုပ်ငန်းများမှာမူ ၎င်းတို့လျှောက်လွှာ၏ ရလဒ်ကိုစောင့်ဆိုင်း နေဆဲဖြစ်သည်။ ဆွေးနွေးခဲ့သည့် မူဝါဒ၄ခုအပြင် မည်သည့် စီးပွားရေးလုပ်ငန်းများမှ အစိုးရထံက မည်သည့်အထောက်အပံ့မျှ မရရှိခဲ့ပါ။

ပုံ (၁၂) စီးပွားရေးလုပ်ငန်းများသည် အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အထည်အလိပ်နှင့် ခရီးသွားလုပ်ငန်းအတွက် အရေးပေါ်ရံပုံငွေအစီအစဉ်မှ အကျိုးအမြတ်ရရှိခဲ့ပါသလား




စီးပွားရေးလုပ်ငန်းများကိုလည်း အုပ်ချုပ်ရေးအဆင့် တစ်ခုချင်းစီတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါကို အစိုးရ၏ ကိုင်တွယ်မှုအပေါ် သူတို့၏ ယေဘူယျ ကျေနပ်မှုနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်။ အများစုမှာ ပြည်ထောင်စုအစိုးရ (၉၂ ရာခိုင်နှုန်း)၊ ပြည်နယ် / တိုင်းဒေသကြီးအစိုးရ (၈၈ ရာခိုင်နှုန်း)နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (၈၉ ရာခိုင်နှုန်း)တို့၏ တုန့်ပြန်လုပ်ဆောင် ကိုင်တွယ်မှုအပေါ် ကျေနပ်အားရမှုရှိသည်။

## ၃.၈ ဘေးကင်းလုံခြုံမှု

ဤအပိုင်းသည် COVID-19 ကမ္ဘာ့ကပ်ရောဂါ ကာလ စီးပွားရေးလုပ်ငန်းများ၏ ဘေးကင်းမှုနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများကို ဆန်းစစ်ထားသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ၏ အဓိကအပိုင်းသည် ဘေးကင်းမှုနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများဖြစ်သည်။ ဤလုံခြုံရေးဆိုင်ရာ ပြဿနာများသည် ဝန်ထမ်းများနှင့် ဖောက်သည်များအပေါ် ကျန်းမာရေး သက်ရောက်မှုထက် ပိုသည့် (ဥပမာ- မှုခင်းဖြစ်ပွားမှုနှုန်း ကဲ့သို့) သွယ်ဝိုက်သော သက်ရောက်မှု များစွာ ရှိနိုင်သည်။

ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း၌ပင် စီးပွားရေးလုပ်ငန်းများအတွက် ဘေးကင်းပြီး လုံခြုံသော ပတ်ဝန်းကျင် အခြေအနေများ ဖန်တီးပေးလျှင် စီးပွားရေး လုပ်ငန်းများ အနေဖြင့် ပိုမိုရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည် ဖြစ်ကာ သူတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများအား ဘေးကင်းမှုနှင့် လုံခြုံရေးဆိုင်ရာ မေးခွန်းနှစ်ခုကို မေးမြန်းခဲ့သည်။ စစ်တမ်းအရ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်း၏ ၁၀ ရာခိုင်နှုန်းခန့်သည် ပြီးခဲ့သည့်နှစ်က အခိုးခံခဲ့ရခြင်း (သို့မဟုတ်) ဖောက်ထွင်းခံရခြင်း ခံခဲ့ရသည်။ MBEI ၂၀၂၀ စစ်တမ်းနှင့် နှိုင်းယှဉ်ကြည့်လျှင် စာရင်းအင်းအရ သိသာထင်ရှားသည့် ပြောင်းလဲမှုကို မတွေ့ရပါ။ ထို့ကြောင့် နိဂုံးချုပ်အနေဖြင့် COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ယခုအချိန်ထိ နိုင်ငံတော်အဆင့် ရာဇဝတ်မှု ဖြစ်ပွားခြင်း အပေါ် သိသာထင်ရှားသော သက်ရောက်မှု မရှိသေးပါ။

ဒုတိယ မေးခွန်းမှာ စီးပွားရေးလုပ်ငန်းရှင်များ ၎င်းတို့၏ ဝန်ထမ်းများနှင့် ဖောက်သည်များအား COVID-19 မှ ကာကွယ်နိုင်ရန် ဆောင်ရွက်ရသည့် အလေ့အထ အစီအမံများ အကြောင်း ဖြစ်သည်။ ပုံ (၁၃) တွင် စီးပွားရေးလုပ်ငန်းရှင် အများစုသည် COVID-19 မှ ကာကွယ်ရန် လုပ်ဆောင်ခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းများ၏ အစီရင်ခံချက်များအရ ၉၂ ရာခိုင်နှုန်းက ဝန်ထမ်းများအား မကြာခဏ လက်များကိုဆေးကြောရန်၊ ၈၃ ရာခိုင်နှုန်းက နှာခေါင်းစည်း မျက်နှာဖုံးများ တပ်ဆင်ရန်နှင့် ၇၂ ရာခိုင်နှုန်းက လုပ်ငန်းခွင်တွင် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်နေထိုင် လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ကြောင်းဖော်ပြခဲ့သည်။ စီးပွားရေးလုပ်ငန်း၏ ၈ ရာခိုင်နှုန်းသာလျှင် အဝေးမှ အလုပ်လုပ်ခြင်း အလေ့အထေ အသုံးပြုကြသည်။ ထို့အပြင်စီးပွားရေးလုပ်ငန်းများ၏ ၃၀ ရာခိုင်နှုန်းခန့်သည် ပိုးသတ်ဆေးဖြန်းခြင်း၊ ထိုင်ခုံနှင့် စားပွဲခုံများ လျှော့ချခြင်းနှင့် အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှု ပိုမိုပေးခြင်း စသည့် အခြား အကာအကွယ် ပေးသည့် နည်းလမ်းများကိုလည်း ကျင့်သုံးခဲ့ကြသည်။




ပုံ (၁၃) အလုပ်သမားများနှင့် စားသုံးသူများကို ကိုဗစ်-၁၉မှကာကွယ်ရန် စီးပွားရေးလုပ်ငန်းများ ပြုလုပ်ခဲ့သော လုပ်ဆောင်ချက်များ

## ၄။ နိဂုံးနှင့်အကြံပြုချက်များ

အာရှဖောင်ဒေးရှင်းမှ ပြုလုပ်ခဲ့သော စီးပွားရေးလုပ်ငန်းများအပေါ် COVID-19 သက်ရောက်မှု စစ်တမ်း တွေ့ရှိချက်များအရ COVID-19 ကမ္ဘာ့ကပ်ရောဂါသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအပေါ် အကြီးအကျယ်သက်ရောက်မှုရှိသည် ဟုဖော်ပြသည်။ ကမ္ဘာ့ကပ်ရောဂါ COVID-19ကြောင့် စီးပွားရေးလုပ်ငန်း အများစုသည် လုပ်ငန်းလည်ပတ်မှု လျှော့ချခြင်း (သို့မဟုတ်) ပိတ်သိမ်းခြင်းများ ပြုလုပ်ခဲ့ကြသော်လည်း အစိုးရအမိန့်များကြောင့် ပိတ်သိမ်းရခြင်းမျိုး တိုက်ရိုက်ရလဒ်မဟုတ်ဘဲ ကျန်းမာရေးအပေါ် စိုးရိမ်မှုများ (သို့မဟုတ်)ဖောက်သည်များမရှိခြင်း စသည့် အခြားအကြောင်းပြချက် များကြောင့် ဖြစ်သည်။ စီးပွားရေး လုပ်ငန်းများ၏ ထက်ဝက်ခန့်သည် COVID-19 သည် စီးပွားရေးလုပ်ငန်းများ ဆက်လက် ရှင်သန်ရပ်တည် နိုင်ရန် အလယ်အလတ် (သို့မဟုတ်) မြင့်မားသောအန္တရာယ်ရှိသည်ဟု ဖော်ပြခဲ့သည်။ စီးပွားရေးလုပ်ငန်း သုံးပုံနှစ်ပုံနီးပါးသည် COVID-19 ကြောင့် ငွေသားစီးဆင်းမှု ပြဿနာများနှင့် ရင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်ထားကြပြီး ချေးငွေများရယူသည့် စီးပွားရေးလုပ်ငန်းများ တိုးလာသည်။ အမြတ်အစွန်းရရှိမှု နည်းပါးမှုများသည် ဝန်ထန်းများအပေါ် သက်ရောက်မှုရှိခဲ့ပါသည်။ COVID-19 ကြောင့်စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်သားအင်အား၏ ၁၆ ရာခိုင်နှုန်းကို အလုပ်မှ ထုတ်ပယ်ခဲ့သည်။ သို့တိုင် အစိုးရ၏ COVID-19 အထောက်အပံ့သည် ယခုအချိန်အထိ စီးပွားရေးလုပ်ငန်း အနည်းငယ်မျှထံသာ ရောက်ရှိခဲ့သည်။

စီးပွားရေး လုပ်ငန်းများသည် အင်တာနက် မှလွဲ၍ တယ်လီဖုန်း ဝန်ဆောင်မှုနှင့် လျှပ်စစ်ဓာတ်အားနှင့် ရေပေးဝေရေးတွင် ယိုယွင်းပျက်စီးမှုကို မကြုံတွေ့ရပါ။ COVID-19 ကြောင့် ရာဇဝတ်မှုတိုးများလာကြောင်း အထောက်အထားများလည်း မရှိခဲ့ပါ။ စီးပွားရေးလုပ်ငန်းအားလုံးနီးပါးက သူတို့၏ ဝန်ထမ်းများနှင့် ဖောက်သည်များကို COVID-19 မှ ကာကွယ်ရန် နည်းလမ်းအချို့ကို ကျင့်သုံးနေသည်ဟု အစီရင်ခံကြသည်။

ဤအစီရင်ခံစာတွင် ဆွေးနွေးထားသော တွေ့ရှိချက်အချို့ကို  အသုံးပြုပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အတွက် ထပ်မံ၍ လေ့လာရန် လိုအပ်မည် ဖြစ်သော်လည်း အစိုးရအနေဖြင့် စတင် စဉ်းစားသင့်သည့် မူဝါဒဆိုင်ရာ လုပ်ဆောင်ချက်များလည်း ရှိပါသည်။ စစ်တမ်း၏ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ အောက်ဖော်ပြပါအချက်များ အပေါ် အစိုးရမှ မှတ်သား အရေးယူရန် အကြံပြုလိုပါသည်။

- စီးပွားရေးလုပ်ငန်း များစွာသည် ၎င်းတို့အား ထောက်ပံ့ရန် စီစဉ်ထားသော အစိုးရ၏ မူဝါဒများနှင့် အစီအစဉ်များကို သတိမထားမိကြပါ။ အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများအားလုံး သတိထားမိစေရန် အစိုးရအနေဖြင့် ဤမူဝါဒများကို ထုတ်ပြန်ကြော်ငြာ ရာတွင် ပိုမိုအားထုတ်သင့်သည်။ တုံ့ပြန်မှု/အထောက်အပံ့ အစီအစဉ်များ (သို့) မူဝါဒများကို ရယူသုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အလွန်အမင်း ရှုပ်ထွေးခြင်း မရှိစေရန် အစိုးရအနေဖြင့် သေချာစွာ ပြုလုပ်သင့်သည်။ ထိုနည်းတူစွာ ရှေ့တန်းအစိုးရ အရာရှိများသည် ၎င်းမူဝါဒများနှင့် အစီအစဉ်များကို ပွင့်လင်းမြင်သာမှုရှိစွာ ကျင့်သုံးနိုင်ရန်အတွက် သင့်လျော်ပြီးရှင်းလင်းသော ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာ ပေးထားကာ မူဝါဒများနှင့် အစီအစဉ်များကို ကောင်းစွာနားလည်ထားသင့်သည်။ စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ဆက်ဆံသော အစိုးရအရာရှိများသည် မူဝါဒများနှင့် ထောက်ပံ့မှုအစီအစဉ်များနှင့် ပတ်သက်၍ လုံလောက်စွာ နားလည်မှုမရှိပါက စီးပွားရေးလုပ်ငန်းများသည် ဤမူဝါဒများမှ အကျိုးအမြတ်မရနိုင်ရှိနိုင်သည့် အတွက် ဆုံးရှုံးနိုင်ပါသည်။
- ရလဒ်များအရ အစိုးရ၏ ကျပ်ငွေဘီလီယံ ၁၀၀ ကနဦးအရေးပေါ်ချေးငွေ အစီအစဉ်သည် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များအတွက် အလွန်သေးငယ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် အနည်းငယ်မျှသာ ရောက်ရှိခဲ့သည်ဟု ဖော်ပြသည်။ သို့သော်မှန်ကန်သော ဦးတည်ချက်အနေဖြင့် COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး အစီအစဉ်တွင် အစိုးရအနေဖြင့် ရန်ပုံငွေပမာဏတိုးရန် စီစဉ်ထားကြောင်း ကြော်ငြာထားပြီး ဖြစ်ပါသည်။
- COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး အစီအစဉ်တွင် အစိုးရအနေဖြင့် အမြင့်ဆုံးနှုန်းမှ ၃ ရာခိုင်နှုန်းအပါအဝင် အတိုးနှုန်း လျှော့ချရန် ကြိုးပမ်းမှုများ ပါဝင်ပါသည်။ သို့သော် စစ်တမ်း၏ ရလဒ်များအရ စီးပွားရေးလုပ်ငန်းများသည် ချေးငွေရင်းမြစ်တစ်ခုအနေဖြင့် အတိုးနှုန်းမြင့်မားသော အသေးစားချေးငွေလုပ်ငန်းများကို ပိုမိုမှီခိုလာကြကြောင်း ဖော်ပြပါသည်။ ထို့ကြောင့်ပင် အတိုးနှုန်းလျှော့ချရန် အစိုးရ၏ တန်ပြန်ကြိုးပမ်းမှု ဖြစ်လိမ့်မည်။ ထို့ကြောင့် အစိုးရအနေဖြင့် COVID-19 ကို ကျော်လွှားနိုင်မည့် လိုအပ်သော စီးပွားရေး အရင်းအနှီးများကို ဖြည့်ဆည်းရန် သင့်တော်သော ချေးငွေများကို အစိုးရနှင့်ပုဂ္ဂလိကဘဏ်များက မည်သို့ ကမ်းလှမ်းသည်ကို သေချာလေ့လာသင့်သည်။
- စီးပွားရေးလုပ်ငန်း အများစုသည် ၎င်းတို့၏ ချေးငွေများကို ပြန်ဆပ်ရန် စိုးရိမ်နေကြသော်လည်း ၎င်းတို့၏ မြီရှင်များနှင့် ငွေပြန်ဆပ်မည်အစီအစဉ်ကို မဆွေးနွေးရသေးပါ။ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များအား ချေးငွေအတိုးနှုန်းနှင့် ငွေပေးချေမှု အစီအစဉ်များကို ပြန်လည်သတ်မှတ် သဘောတူညီမှုရယူနိုင်ရန် တက်ကြွစွာ အားပေးသင့်သည်။ ဤအချက်သည် အကျပ်အတည်း ကာလအတွင်း ဒေဝါလီခံခြင်းနှင့် ကြွေးဆပ်ရန် ပျက်ကွက်မှုများကို လျှော့ချနိုင်ခြင်းကြောင့် ၎င်းသည် ဘဏ်များနှင့် စီးပွားရေးလုပ်ငန်းများကို အကျိုးရှိစေနိုင်သည်။ ထိုကဲ့သို့သော အစီအစဉ်များကို ကြံဆခဲ့သော စီးပွားရေးလုပ်ငန်းအများစုသည် ၎င်းတို့၏ မြီရှင်နှင့် သဘောတူညီမှု ရရှိခဲ့ပုံရသည်။
- တွေ့ရှိချက်များအရ အလုပ်ပြုတ်သွားသော အလုပ်သမားအများစုသည် လစာနည်းပါးဖွယ်ရှိသော လစာနှုန်းထားများနှင့် ဝင်ငွေမရသည့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းနည်းပါးသော သူများဖြစ်ပါသည်။ အလုပ်အကိုင်အပေါ်သက်ရောက်မှုသည် မတူညီသော လုပ်ငန်းကဏ္ဍအလိုက် ကွဲပြားနေပုံရသည်။ ယခုအချိန်အထိ အလုပ်များဆုံးရှုံးခဲ့ရသော ဝန်ထမ်းအရေအတွက်နှင့် ပတ်သက်သည့် စစ်တမ်း၏ တွေ့ရှိချက်များအရ အစိုးရအနေဖြင့် အလုပ်များဆုံးရှုံးခဲ့ရသော ဝန်ထမ်းများအား ပံ့ပိုးရန် COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး အစီအစဉ်တွင် ဖော်ပြထားသည့် လုပ်ဆောင်ချက်များသည် လုံလောက်မှု ရှိမရှိ သို့မဟုတ် အဆိုပါ ဝန်ထမ်းများကို ဦးတည်ထားသော ပိုမိုကောင်းမွန်သော တုံ့ပြန်မှုနည်းလမ်းများ ရှိ/မရှိ ပြန်လည်စဉ်းစားရန် လိုအပ်ကောင်းလိုအပ်လိမ့်မည်။
- COVID-19 အတွင်း စီးပွားရေးနှင့် စီးပွားရေးအခြေအနေသည် ကမ္ဘာ့ကပ်ပျံ့နှံ့လာသည်နှင့်အမျှ အခြေအနေများ လျှင်မြန်စွာပြောင်းလဲသွားသည်။ ကျန်းမာရေးရှုထောင့်မှ ဖြစ်နိုင်လျှင် လှုပ်ရှားမှု ကန့်သတ်ချက်များလျှော့ချခြင်းနှင့် COVID-19 ကို တိုက်ဖျက်ရန် အခြားဆောင်ရွက်ချက်များသည် စီးပွားရေး အခြေအနေများကို တိုးတက် ကောင်းမွန်စေ သင့်သည်။ သို့သော် စီးပွားရေးလုပ်ငန်းများသည် ပြီးခဲ့သည့် ဆုံးရှုံးပျက်စီးမှုများမှ အပြည့်အဝ ပြန်လည်နာလန်ထူရန်နှင့် ပြန်လည်ဖွင့်လှစ်ပြီး နောက်၌ပင် သူတို့၏ ရှင်သန်ရပ်တည်မှုမှာ အခက်အခဲ ရှိနေဆဲဖြစ်သည်။ အစိုးရအနေဖြင့် ၎င်းအခြေအနေများကို အနီးကပ်စောင့်ကြည့်သင့်သည်။ စီးပွားရေး နလံထူလာပြီးနောက် ပြောင်းလဲသွားသည့် အခြေအနေများအား သိရှိနိုင်ရန် အာရှဖောင်ဒေးရှင်းမှ COVID-19 စစ်တမ်းများ ထပ်မံ၍ ပြုလုပ်သွားမည် ဖြစ်ပြီး ယခုကဲ့သို့ စစ်တမ်းသတင်းအချက်အလက် များဖြင့် အစိုးရကို ပံ့ပိုးပေးသွားမည် ဖြစ်သည်။

## ကျမ်းကိုးစာရင်း

Government of the Republic of the Union of Myanmar. 2020. *Overcoming as One: Economic Relief Plan*.

IMF. 2020a. *Myanmar: 2019 Article IV Consultation-Staff Report; Press Release; and Statement by the Executive Director for Myanmar*.

IMF. 2020b. *World Economic Outlook - Chapter 1 The Great Lockdown*.

John Hopkins University. 2020. "COVID-19 Dashboard." Retrieved May 25, 2020 (https://coronavirus.jhu.edu/map.html).

Malesky, Edmund, Dean Dulay, and Jon Keesecker. 2019. *Myanmar Business Environment Index*.

Ministry of Health and Sports. 2020. "Coronavirus Disease 2019 (COVID-19) Surveillance Dashboard (Myanmar)." Retrieved May 25, 2020 (https://www.mohs.gov.mm/).

MOPF, and UNESCAP. 2019. *Developing a Statistical Business Register (SBR) in Myanmar 2019: Documentation of Process and Results*.

## နောက်ဆက်တွဲ ၁ - သုတေသနနည်းနာ

မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀စစ်တမ်းကို ၂၀၁၉ နိုဝင်ဘာလ ၇ ရက်နေ့မှ ၂၀၂၀ ဖေဖော်ဝါရီလ ၂၃ ရက်နေ့အထိ နေပြည်တော်အပါအဝင် တစ်နိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ်များရှိ ကျဘမ်းရွေးချယ်ထားသော မြို့နယ် ၈၉ မြို့နယ်တွင် စီးပွားရေးလုပ်ငန်းပေါင်း ၅,၆၀၅ခုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ လုပ်ငန်းပေါင်း ၅,၆၀၅ ခုအနက် ၄,၄၀၅ ခုမှာ ဗဟိုစာရင်းအင်းအဖွဲ့၏ စီးပွားရေးလုပ်ငန်းများမှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းအင်းလုပ်ငန်းကို အသုံးပြု၍ ရွေးချယ်ထားပါသည်။ (see MOPF and UNESCAP 2019) ဗဟိုစာရင်းအင်းအဖွဲ့မှရွေးချယ်ထားသော စီးပွားရေးလုပ်ငန်းများသည် အနည်းဆုံး အလုပ်သမား ၄ ဦးရှိရမည်ဖြစ်ပြီး တစ်ဦးမှာလခစားလုပ်သားဖြစ်ရန် လိုအပ်သည်။ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း စစ်တမ်းတွင် အခြေခံစီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် သစ်တောလုပ်ငန်းများ ပါဝင်ခြင်းမရှိပါ။ ကျန်ရှိသော လုပ်ငန်းပေါင်း ၁,၂၀၀ ကျော်ကို မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ပထမအကြိမ်စစ်တမ်းတွင် မေးမြန်းခဲ့သော စီးပွားရေးလုပ်ငန်းများမှ ကျဘမ်း ရွေးချယ်ထားပါသည်။ စုစုပေါင်းစီးပွားရေးလုပ်ငန်း ၅,၆၀၅ ခုကို ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါစစ်တမ်းအတွက် နမူနာ မူဘောင်သတ်မှတ်ခဲ့ပါသည်။ COVID-19 ကမ္ဘာ့ကပ်ရောဂါမတိုင်မီ မြန်မာ့စီးပွားရေး ဝန်းကျင်ညွှန်းကိန်း ၂၀၂၀ စစ်တမ်းသည် မေးခွန်းများစွာအတွက် အခြေခံဖြစ်ပြီး မေးခွန်းအချို့ကို ယခုစစ်တမ်းတွင် ပြန်လည် ထည့်သွင်း မေးမြန်းထားပါသည်။ အဘယ်ကြောင့်ဆိုသော် စစ်တမ်းနှစ်ခုမှ ရရှိလာသောအချက်အလက်များ၏ ဆက်နွယ်မှုကို ကြည့်ရှုနိုင်ရန် ဖြစ်သည်။

### ကျပန်းရွေးချယ်ခြင်း

ယခုစစ်တမ်းအတွက် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀ နမူနာမူဘောင်မှ ကျပန်းရွေးချယ်ထားသော စီးပွားရေးလုပ်ငန်းပေါင်း ၇၅၀ကို မေးမြန်းခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းတခုချင်းစီ၏ မန်နေဂျာ (သို့) ပိုင်ရှင်ကို မေးမြန်းခဲ့သည်။ မေးမြန်းခံရသူများသည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်းစစ်တမ်းတွင်လည်း ပါဝင်ဖူးသူများဖြစ်သည်။ မေးမြန်းမှုတွင် အောင်မြင်မှု ၅၃ရာခိုင်နှုန်းရှိပြီး ဆိုလိုရင်းမှာ မျှော်မှန်းထားသော မေးမြန်းမှု ၇၅၀ ရရှိရန် ဖုန်းခေါ်ဆိုဆက်သွယ်မှုပေါင်း ၁,၄၁၂ ခုပြုလုပ်ရပါသည်။ မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၂၀နှင့်မတူညီသည့်အချက်မှာ ပြည်နယ်/တိုင်း ဒေသကြီးနှင့် မြို့နယ်များ အတွက် ကိုယ်စားပြုနမူနာရွေးချယ်ရန် မလိုအပ်ခြင်းဖြစ်သည်။ သို့သော် မတူညီသော ဖြစ်တန်ရာ ရွေးချယ်မှုအတွက် စီးပွားရေးလုပ်ငန်းများကို အုပ်စုနှစ်စုပိုင်းခြားခဲ့ပါသည်။ ပထမအုပ်စုမှာ ဦးစားပေးရွေးချယ် ခံရသောအုပ်စုဖြစ်ပြီး နမူနာအားလုံး၏ ၆၀ရာခိုင်နှုန်းကို ကိုယ်စားပြုရန် ပို၍ရွေးချယ်ခဲ့ပါသည်။ ၄၀ ရာခိုင်နှုန်းကို ကျန်သောစီးပွားရေးလုပ်ငန်းများထဲမှ ရွေးချယ်ခဲ့ပါသည်။ ပထမဦးစားပေးအုပ်စုကို ပိုမိုရွေးချယ်ရခြင်းမှာ အချို့သော လုပ်ငန်း- ဥပမာအားဖြင့် အထည်အလိပ်၊ အစားအသောက်နှင့် အဖျော်ယမကာဝန်ဆောင်မှုလုပ်ငန်းများသည် COVID-19ကို ခြားနားစွာတုံ့ပြန် အကျိုးသက်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများ၏ အရွယ်အစားအရ နမူနာမူဘောင်တွင် သင့်တင့်စွာ ကိုယ်စားပြုနိုင်ရန် ဖြစ်သည်။ နမူနာမူဘောင်အရွယ်အစား ၅,၆၀၅ ခုကို အောက်ပါ အတိုင်းအုပ်စုနှစ်စုခွဲခြားခဲ့ပါသည်။

- ဦးစားပေးရွေးချယ်သောအခန်းကဏ္ဍ (နမူနာမူဘောင်၏၆၀ ရာခိုင်နှုန်း, လုပ်ငန်းပေါင်း ၄၅၀)တွင် ဖော်ပြပါစီးပွားရေးလုပ်ငန်းများ ပါဝင်သည်။
    - ကုန်ထုတ်လုပ်ခြင်း - အစားအစာနှင့်အဖျော်ယမကာများ (n = ၅၄၂)
    - ကုန်ထုတ်လုပ်ခြင်း - အထည်အလိပ်၊အဝတ်အထည်နှင့်သားရေ (n = ၈၇)
    - ဟိုတယ်(သို့)တည်းခိုခန်း  (n = ၁၈၉)
    - အစားအသောက်နှင့်အဖျော်ယမကာဝန်ဆောင်မှုလုပ်ငန်း (n = 967)
    - အနည်းဆုံးဝန်ထမ်း၂၀ရှိသောအခြားစီးပွားရေးလုပ်ငန်းများ (n = 303)
    - MBEI ပထမနှင့်ဒုတိယအကြိမ်တွင်ပါဝင်သောဝန်ထမ်း (၂၀) ထက်မနည်းသောအခြားစီးပွားရေး လုပ်ငန်းများ (n = 592)
- အခြားစီးပွားရေးလုပ်ငန်းများ (နမူနာမူဘောင်၏ ၄၀ ရာခိုင်နှုန်း, လုပ်ငန်းပေါင်း ၃၀၀)

